**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၁၁၉ /၂၀၂၀ )**

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၃ ရက်

## အပင်နှင့် အပင်ထွက်ပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် မြေသြဇာများ တင်သွင်းမှုအတွက် အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

၁။ အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန်၊ အချိန်ကြန့်ကြာမှုအားလျှော့ချနိုင်စေရန်နှင့် ကုန်သွယ်မှု ပိုမိုလျင်မြန်ချောမွေ့မှု (Trade Facilitation) ကို တိုးတက်လာစေရန်၊ COVID-19 ကပ်ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း တစ်ဦးနှင့်တစ်ဦး ထိတွေ့မှု (Face to Face Contact) လျှော့ချနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ပိုးမွှားကင်းရှင်းကြောင်းနှင့် အရည်အသွေးပြည့်မီကြောင်း ထောက်ခံချက်ရယူခြင်းအတွက် အကောက်ခွန်ဦးစီးဌာနမှ ဆောင်ရွက်ပေးနေရသည့် လုပ်ငန်းစဉ်အချို့အား အောက်ဖော်ပြပါအတိုင်း ဖြေလျှော့ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

**(က) ပိုးသတ်ဆေးနှင့် မြေသြဇာတင်သွင်းမှုအတွက် ဖြေလျှော့ခြင်း**

(၁) ပိုးသတ်ဆေးများအတွက် သွင်းကုန်ကြေညာလွှာ တင်သွင်းရာတွင် လက်ရှိဆောင်ရွက်နေသည့် After Declaration Pattern အစား After Release Order Pattern ဖြင့် ပြောင်းလဲထုတ်ယူနိုင်ရန် ဖြေလျှော့ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

(၂) မည်သည့် Selectivity အမျိုးအစားတွင်မဆို အကောက်ခွန်အရာရှိများက တာဝန်ယူ၍ Sample ထုတ်ပေးခြင်း၊ ချိတ်ပိတ်ခြင်း လုပ်ငန်းစဉ်များအား ဆောင်ရွက်မှု မပြုတော့ပါ။

(၃) After Release Order ဖြင့် ထုတ်ယူပြီးသော ပိုးသတ်ဆေးများနှင့် မြေသြဇာတို့ကို ကုန်တင်သွင်းသူ၏ ကုန်လှောင်ရုံတွင် Sample ထုတ်ယူ၍ စစ်ဆေးမှုခံယူခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ ညွှန်ကြားချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရပါမည်။။

(ခ) **အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းမှုအတွက်** စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းသဘာဝအရနှင့် အပင်ပိုးမွှား ကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များအရ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

၂။ အထက်ပါ လုပ်ငန်းစဉ်များ ဖြေလျှော့ဆောင်ရွက်မှုကို အထောက်အကူပြုစေရန်အတွက် အကောက်ခွန်ဦးစီးဌာနအနေဖြင့် ဆိပ်ကမ်းများမှ ထုတ်ယူသွားသော ကုန်ပစ္စည်းစာရင်းများနှင့် ပတ်သက်သည့် (Release Order Notification) များကို Real Time Information အဖြစ် နေ့စဉ် ပေးပို့သွားမည်ဖြစ်ပါသဖြင့် ကုန်တင်သွင်းသူများ ထုတ်ယူသွားသည့် ပစ္စည်းစာရင်းကို စိုက်ပျိုးရေး ဦးစီးဌာနမှ စဉ်ဆက်မပြတ် စောင့်ကြည့်စိစစ်နိုင်မည် ဖြစ်ပါသည်။

၃။ သို့ပါ၍ ကုန်တင်သွင်းသူ (Importer) များအနေဖြင့် အထက်ပါလုပ်ငန်းစဉ်များကို ကိုယ်တိုင် တာဝန်ယူမှု/ တာဝန်ခံမှု (Self-Compliance) ဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်ရာ တွင် အထောက်အကူဖြစ်စေရေးအတွက် **အသေးစိတ်လုပ်ငန်းစဉ်များအား နောက်ဆက်တွဲ (က)** ဖြင့် ပူးတွဲဖော်ပြထားပါသည်။

၄။ အထက်ဖော်ပြပါ အကောက်ခွန်လုပ်ငန်းစဉ်များ ဖြေလျှော့ဆောင်ရွက်မှုကို ၁၄-၁၀-၂၀၂၀ ရက်နေ့မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**